# အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ။*

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇။] (၁၉၄၈ ခု၊ နိုဝင်ဘာလ ၈ ရက်။)

တံစိုးလက်ဆောင်ပေးယူခြင်းနှင့် အဂတိ လိုက်စားခြင်းများကို တားမြစ်ရန်အတွက် ပိုမိုထိရောက်သောပြဋ္ဌာန်းချက်များပြုလုပ်ရန်လိုအပ်သည်ဖြစ်၍—

အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည်။

အမည်။

၁။ ။ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

အဓိပ္ပါယ် ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေဆိုင်ရာကိစ္စများအလို့ငှါ—

''ပြည်သူ့ဝန်ထမ်း'' ဆိုသည်မှာ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အကျုံးဝင်သည့် ပြည်သူ့ဝန်ထမ်းကို ဆိုလိုသည့်အပြင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများလည်းပါဝင်သည်။

ပြည်သူ့ဝန်ထမ်းက၊တရားဥပဒေနှင့်အညီ ရယူခံစားထိုက်သည့် အခကြေးငွေမှတပါး၊ အခြားလာဘ်လာဘကိုလက်ခံသည့် အချက်တွင်၊မည်သို့မှတ်ယူရမည့်အကြောင်း။

၃။ ။ရာဇသတ်ကြီးပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ သို့တည်းမဟုတ် ပုဒ်မ ၁၆၅ အရ၊ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုစစ်ဆေးရာ၌ တရားခံသည်၊ တရားဥပဒေနှင့်အညီ၊ ရယူခံစားထိုက်သည့် အခကြေးငွေမှတပါး အခြားမည်သည့်လာဘ်လာဘကိုဖြစ်စေ၊ သို့တည်းမဟုတ် အဘိုးတန် ပစ္စည်းကိုဖြစ်စေ၊မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း၊ လက်ခံကြောင်း၊ သို့တည်းမဟုတ် ရယူကြောင်း၊ သို့တည်းမဟုတ် လက်ခံရန်သဘောတူကြောင်း၊ သို့တည်းမဟုတ် ရယူရန် အားထုတ်ကြောင်းထင်ရှားလျှင်၊ ထိုတရားခံက ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃ နှင့် ၁၆၄ တွင်ဖော်ပြသောရည်ရွယ်ချက်၊ အကျိုးမြော်လင့်ချက် မိမိ၌မရှိကြောင်း၊ သို့တည်းမဟုတ် ပုဒ်မ ၁၆၅ တွင် ဖော်ပြသည့်အတိုင်း၊အဘိုးစားနားမပေးဘဲ၊သို့တည်းမဟုတ် ထိုက်တန်သောအဘိုးမပေးဘဲ၊ယင်းသို့ ပြုလုပ်ခြင်းမဟုတ်ကြောင်းကို ထင်ရှားအောင်မပြသနိုင်ပါက၊ ထိုတရားခံသည်၊ ထိုလာဘ်လာဘကို ယင်းသို့သော ရည်ရွယ်ချက် အကျိုးမြော်လင့်ချက်နှင့်၊ သို့တည်းမဟုတ် ထိုအဘိုးတန် ပစ္စည်းကို ယင်းသို့အဘိုးစားနားမပေးဘဲ၊သို့တည်းမဟုတ် ထိုက်တန်သောအဘိုးမပေးဘဲလက်ခံသည်၊ သို့တည်းမဟုတ် ရယူသည်၊ သို့တည်းမဟုတ် လက်ခံရန်သဘောတူသည်၊ သို့တည်းမဟုတ် ရယူရန်အားထုတ်သည်ဟုမှတ်ယူရမည်။

သို့ရာတွင် အထက်ဆိုခဲ့သည့် လာဘ်လာဘ၊ သို့တည်းမဟုတ် ပစ္စည်းမှာ သေးနုပ်လှသည့်အတွက်၊ အဂတိလိုက်စားသည်ဟု အထောက်အထား မဖြစ်သင့်ကြောင်း၊ တရားရုံးတော်ကထင်မြင်လျှင်၊ ထိုသို့မှတ်ယူခြင်းမပြုဘဲနေနိုင်သည်။

ရာထူးအလျောက်အလုပ်ဝတ်တရားဆောင်ရွက်ရာတွင်၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်အောင် အကျင့်ဖေါက်ပြန်မှု။

၄။ ။(၁) ပြည်သူ့ဝန်ထမ်း တဦးတယောက်သည်၊ အောက်ပါတခုခုကို ပြုလုပ်လျှင်၊ မိမိ၏အလုပ်ဝတ်တရားများဆောင်ရွက်ရာတွင်၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်အောင် အကျင့်ဖေါက်ပြန်မှုကိုကျူးလွန်သည်မည်၏။

(က) မည်သူ့ထံမှမဆို တရားဥပဒေနှင့်အညီ ရယူခံစားထိုက်သည့် အခကြေးငွေမှတပါး၊ အခြားမည်သည့်လာဘ်လာဘကိုမဆို ရာဇသတ်ကြီးပုဒ်မ ၁၆၁ တွင် ဖေါ်ပြထားသောရည်ရွယ်ချက်နှင့်၊ သို့တည်းမဟုတ် အကျိုးမြော်လင့်ချက်နှင့် မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း၊ အမြဲတစေ

* ဤအက်ဥပဒေကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၂၉၃ တွင် ထုတ်ပြန်ကြေညာသည်။

လက်ခံလျှင်၊ သို့တည်းမဟုတ် ရယူလျှင်ဖြစ်စေ၊ လက်ခံရန်သဘောတူလျှင်ဖြစ်စေ၊ ရယူရန် အားထုတ်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ်

(ခ) မိမိဆောင်ရွက်လုပ်ကိုင်ပြီး မှုခင်းအလုပ်အကိုင်နှင့်ဖြစ်စေ၊ ဆောင်ရွက်လုပ်ကိုင်မည့်ဆဲဆဲဖြစ်သည့် မှုခင်းအလုပ်အကိုင်နှင့်ဖြစ်စေ၊ စပ်လျဉ်းသက်ဆိုင်ခဲ့သူဖြစ်ကြောင်း၊ သို့တည်းမဟုတ် စပ်လျဉ်းသက်ဆိုင်နေသူဖြစ်ကြောင်း၊ သို့တည်းမဟုတ် စပ်လျဉ်းသက်ဆိုင်ရန်အကြောင်း လက္ခဏာရှိသူဖြစ်ကြောင်း၊ မိမိသိရှိရသူ တဦးတယောက်ထံမှသော်၎င်း၊ မိမိရာထူးနှင့်သက်ဆိုင်သည့်အလုပ်ဝတ်တရားများနှင့်ဖြစ်စေ၊ မိမိအထက် ပြည်သူ့ဝန်ထမ်းတဦးဦး၏ ရာထူးနှင့်ဆိုင်သည့် အလုပ်ဝတ်တရားများနှင့်ဖြစ်စေ၊ စပ်ရှက်ဆက်ဆံသူ တဦးတယောက်ထံမှသော်၎င်း၊ သို့စပ်ရှက်ဆက်ဆံသူနှင့် အကျိုးသက်ဆိုင်အမျိုးတော်စပ်သူဖြစ်ကြောင်း မိမိသိရှိရသူ တဦးတယောက်ထံမှသော်၎င်း၊ အဘိုးတန်ပစ္စည်းကို အဘိုးစားနားတစုံတရာမရှိဘဲဖြစ်စေ၊ ထိုက်တန်သောအဘိုးမပေးဘဲဖြစ်စေ၊ မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း၊ အမြဲတစေလက်ခံလျှင်၊ သို့တည်းမဟုတ် ရယူလျှင်ဖြစ်စေ၊ လက်ခံရန် သဘောတူလျှင်ဖြစ်စေ၊ ရယူရန်အားထုတ်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ်

(ဂ) အဘိုးတန်ပစ္စည်း၊ သို့တည်းမဟုတ် ငွေကြေး အကျိုးအမြတ်တစုံတရာကို မရိုးမသားအဂတိလိုက်စားသောနည်းဖြင့်ဖြစ်စေ၊ တရားဥပဒေနှင့်ဆန့်ကျင်သောနည်းဖြင့်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းအဖြစ် မိမိ၏အခြေအနေကို အလွဲအသုံးပြု၍ဖြစ်စေ၊ မိမိအတွက်သော်၎င်း၊ သူတပါးအတွက်သော်၎င်း၊ ရယူလျှင်၊

(ဃ) ထိုသူသည် အများပြည်သူတို့၏ အကျိုးကို ထိခိုက်အောင် လိမ်လည်လျှင်၊ သို့တည်းမဟုတ် ယုံမှတ် အပ်နှံသည့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစား၊ သို့တည်းမဟုတ် ဖေါက်လွဲဖေါက်ပြန်ပြုလျှင်။

* <u>ရှင်းလင်းချက် ၁။</u> ။“ အကျင့်ဖေါက်ပြန်မှု ”၊ သို့တည်းမဟုတ် “ ဖေါက်လွဲဖေါက်ပြန်ပြုမှု ” ဆိုသည့်စကားရပ်တွင် မှားသောစီမံအုပ်ချုပ်မှု၊ သို့တည်းမဟုတ် မှားသောပြုမှု၊ သို့တည်းမဟုတ် မှားသော ပျက်ကွက်မှု၊ သို့တည်းမဟုတ် ရှိရင်း အခြေအနေများတွင် မပြုသင့်သောအရာကိုပြုမှု၊ သို့တည်းမဟုတ် ရှိရင်းအခြေအနေများတွင် ပြုသင့်သောအရာကိုမပြုမှုပါဝင်သည်။

<u>ရှင်းလင်းချက် ၂။</u> ။(၁) ဤအပိုဒ်တွင် ဖေါ်ပြထားသော ပြုမှုချက်များသည်၊ အခြားတည်ဆဲဥပဒေအရ၊ ရာဇဝတ်ပြစ်မှုဖြစ်မြောက်ရန်မလိုစေရ။

(၂) မည်သည့် ပြည်သူ့ဝန်ထမ်းမဆို၊ မိမိ၏ အလုပ်ဝတ်တရားကို ဆောင်ရွက်ရာတွင် ရာဇဝတ်အပြစ်ဒဏ်ထိုက်သင့်အောင် အကျင့်ဖေါက်ပြန်မှုကို ကျူးလွန်လျှင်၊ ခုနစ်နှစ်ထိ ထောင်ဒဏ်စီရင်ခြင်းခံထိုက်စေမည့်ပြင်၊ ထိုပြစ်မှုကို ကျူးလွန်ခြင်းအားဖြင့် တရားခံ ခံစားရရှိကြောင်း တွေ့ရှိရသည့်အကျိုးအမြတ်အားလုံးကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံစေရမည်။

(၃) တဆက်တည်း အထက်ပုဒ်မငယ်(၂)အရသော်၎င်း၊ ရာဇသတ်ကြီး ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ သို့တည်းမဟုတ် ၁၆၅ အရသော်၎င်း၊ ပြစ်ဒဏ်စီရင်ထိုက်သည့်ပြစ်မှုကို စစ်ဆေးစီရင်ရာတွင် ၎င်းရားခံ၌ဖြစ်စေ၊ ၎င်း၏ကိုယ်စား အခြားသူတဦးတယောက်၌ဖြစ်စေ၊ တရားခံ၏ထင်ရှားသိရသော ဝင်ငွေရလမ်းများနှင့် အဆမတန်သည့် ငွေကြေးအင်အား၊ သို့တည်းမဟုတ် ပစ္စည်း

* ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆ အရ ထည့်သွင်းပြီး၊ ရှိရင်းရှင်းလင်းချက်ကို ရှင်းလင်းချက် ၂ ဟု အမှတ်စဉ်သည်။

များကို ပိုင်ဆိုင်ကြောင်း၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခဲ့ဘူးကြောင်း ထင်ရှားသောအခါ၊ တရားခံက ထိုကြေးငွေအင်အား၊ သို့တည်းမဟုတ် ပစ္စည်းများကို တရားသဖြင့်ရရှိသည်ဟု သက်သေခံထင်ရှား အောင်မပြနိုင်လျှင်၊ တရားရုံးတော်က၊ တရားခံသည်၊ ရာဇသတ်ကြီးပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ သို့တည်းမဟုတ် ၁၆၅ အရ၊ ပြစ်မှုကိုသော်၎င်း၊ မိမိ၏ အလုပ်ဝတ်တရားများ ဆောင်ရွက်ရာတွင် ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်အောင် အကျင့်ဖေါက်ပြန်မှုကိုသော်၎င်း၊ ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုပြစ်မှုအတွက် တရားခံအား ပြစ်မှုထင်ရှားစီရင်ခြင်းမှာ၊ အဆိုပါမှတ်ယူချက်ကိုသာလျှင်၊ အခြေပြုသည့်အကြောင်းမျှကြောင့် ပျက်ပြယ်ခြင်းမရှိစေရ။

* ၄-က။ ။(၁) အထက်တန်း စုံစမ်းစစ်ဆေးရေးအရာရှိအောက် ရာထူးမနိမ့်သည့် အထူး စုံစမ်းစစ်ဆေးရေးဌာနဆိုင်ရာ အရာရှိ တဦးဦးသည်၊ နိုင်ငံတော်သမတက သတ်မှတ်သည့် အာဏာပိုင်၏သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ ပုဒ်မ ၄ အရ ပြစ်မှုတခုခုကျူးလွန်ခဲ့သည်ဟု၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု မိမိသက်သာသည့် ပြည်သူ့ဝန်ထမ်း တဦးဦးကို၊ ဝရမ်းစာ မပါဘဲဖမ်းဆီးနိုင်သည်။

(၂) မည်သည့်အရာရှိမဆို၊ ပုဒ်မခွဲ(၁)နှင့်အညီ လူတဦးတယောက်ကို ဖမ်းဆီးလျှင်၊ ထိုသို့ဖမ်းဆီးကြောင်းကို နိုင်ငံတော်သမတထံ ချက်ခြင်းအစီရင်ခံရမည်။ ထို့ပြင် နိုင်ငံတော်သမတ၏ အမိန့်ကိုမရသေးမီအတောအတွင်း၊ ထိုအရာရှိသည် အမိန့်စာဖြင့် ထိုဖမ်းဆီးထားသူကို နိုင်ငံတော် သမတက သာမန်၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားဖေါ်ပြထားသည့် အချုပ်ခန်းတွင် ချုပ်ထားနိုင်သည်။

သို့ရာတွင်—

(က) မည်သူ့ကိုမျှ၊ နိုင်ငံတော်သမတ၏ အမိန့်မရဘဲ ဤပုဒ်မခွဲအရ ဆယ့်ငါးရက် ထက်ပို၍ချုပ်မထားရ။

(ခ) မည်သူ့ကိုမျှ၊ ဤပုဒ်မခွဲအရ ခြောက်လထက်ပို၍ချုပ်မထားရ။

(၃) ပုဒ်မခွဲ(၁)အရ၊ ဖမ်းဆီးခံရသူတဦးဦးအား အာမခံပေးမည်ဆိုလျှင်၊ ထိုသူကိုဖမ်း ဆီးသည့်အရာရှိသည်၊ နိုင်ငံတော်သမတကသော်၎င်း၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ အာဏာ အပ်နှင်းထားသူတဦးဦးကသော်၎င်း၊ အခါအားလျော်စွာထုတ်ဆင့်သည့် သာမန်၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမတက အခါအားလျော်စွာ သတ်မှတ် သည့်စည်းကမ်းချက်များ၊ သို့တည်းမဟုတ် ဆင့်ဆိုချက်များအတိုင်း လိုက်နာမည်ဟု ထိုသူကအာမခံ သူများနှင့်ဖြစ်စေ၊ အာမခံသူမပါဘဲဖြစ်စေ၊ ခံဝန်ချုပ်ချုပ်ဆိုသည့်အခါ၊ ထိုသူကိုလွှတ်နိုင်သည်။

(၄) ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များအရ၊ တင်သွင်းသည့်အစီရင်ခံစာကို ရရှိသည့် အခါ၊ နိုင်ငံတော်သမတသည်၊ ဤပုဒ်မအရ ဖမ်းဆီးထားသူတဦးဦးကိုချုပ်ထားရန်၊ လိုအပ် သည်ဟု ထင်မြင်သည့်အမိန့်များကို၊ ပုဒ်မခွဲ (၂) ဆိုင်ရာ ဒုတိယခြွင်းချက်နှင့် မဆန့်ကျင်စေဘဲ ချမှတ်နိုင်သည်။

(၅) ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက်များအရ၊ အာမခံကိုလက်ခံလျှင်၊ ခံဝန်ချုပ်သည်၊ အဆိုပါအာမခံကို လက်ခံရာနယ်တွင် စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်ရာဇဝတ်တရားသူကြီးက၊ ရာဇဝတ် ကျင့်ထုံးဥပဒေအရ လက်ခံသည့်ခံဝန်ချုပ်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသို့ဖြစ်သည့်အားလျော်စွာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၄ ပါ ပြဋ္ဌာန်းချက်များသည်လည်း ထိုခံဝန်ချုပ်နှင့်သက်ဆိုင်ရမည်။

---

* ၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၅ အရ ထည့်သွင်းသည်။

* ၄-ခ။ ။(၁) အခြားတည်ဆဲတရားဥပဒေတခုခုတွင်မည်သို့ပင်ပါရှိစေကာမူ၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေပုဒ်မ ၄-က အရ မည်သူကိုမဆို ဖမ်းဆီးချုပ်နှောင်ခဲ့သော်၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန်အမိန့်ထုတ်ခဲ့သော် အထူးစုံစမ်းစစ်ဆေးရေးဌာန လက်ထောက်ညွှန်ကြားရေးဝန် ရာထူးအောက်မနိမ့်သည့် မည်သည့်အရာရှိကမဆို၊ သို့တည်းမဟုတ် ဤကိစ္စအတွက် နိုင်ငံတော်သမတက၊ အာဏာအပ်နှင်းခြင်းခံရသည့် အခြားမည်သည့်အာဏာပိုင်ကမဆို၊ သင့်သည်ဟုထင်မြင်လျှင်—

(က) ထိုဖမ်းဆီးချုပ်နှောင်ထားခြင်း၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန် အမိန့်ထုတ်ထားခြင်းခံရသူနှင့်၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင်မှီခိုနေသူများနှင့်၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့နှင့်သက်ဆိုင်သော၊ ဘဏ်တခုခုပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်သည့်၊ မည်သည့်စာအုပ်၊ စာမှတ်၊ စာတမ်းကိုမဆို စစ်ဆေးကြည့်ရှုနိုင်သည်။

သို့သော် ပုဒ်မ ၄-ခ (၁) တွင် ဖော်ပြထားသည့်အရာရှိ တဦးဦးက အမိန့်စာဖြင့် ထိုအမိန့်စာတွင် အမည်ဖော်ပြထားသည့် အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိရာထူး အောက်မနိမ့်သောအရာရှိတဦးဦးအား၊ စစ်ဆေးကြည့်ရှုစေနိုင်သည်၊ သို့တည်းမဟုတ်

(ခ) ဘဏ်၏စာရင်းစာအုပ်များမှ၊ လိုအပ်သောကောက်နုတ်ချက်များ၏ မိတ္တူမှန်ကိုပေးရန်သော်၎င်း၊ ထိုဖမ်းဆီးချုပ်နှောင်ခြင်း၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန်အမိန့် ထုတ်ထားခြင်းခံရသူ၏၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင်မှီခိုနေသူများ၏၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့၏ငွေစာရင်း၊ ပစ္စည်းစာရင်းများနှင့်စပ်လျဉ်း၍ သိရှိသမျှအကြောင်းအရာများကို ပေးရန်သော်၎င်း၊ ဘဏ်၏မန်နေဂျာအား၊ သို့တည်းမဟုတ် ကိုယ်စားလှယ်အား ညွှန်ကြားနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ထိုဖမ်းဆီးချုပ်နှောင်ထားခြင်း၊ သို့တည်းမဟုတ် ဖမ်းဆီးချုပ်နှောင်ရန်အမိန့်ထုတ်ထားခြင်း ခံရသူ၏အမည်နှင့် ထားရှိသောငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင်မှီခိုနေသူများ၏ အမည်နှင့် ထားရှိသောငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့၏ အမည်များနှင့် ထားရှိသောငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို၊ အမိန့်မရဘဲထုတ်ပေးခြင်း၊ အမည်လွှဲပြောင်းခြင်း မပြုရန် ဘဏ်၏မန်နေဂျာအား၊ သို့တည်းမဟုတ် ကိုယ်စားလှယ်အား တားမြစ်နိုင်သည်။

ရှင်းလင်းချက်။ ။" ဘဏ် " ဆိုသည့်စကားနှင့် " မိတ္တူမှန် " (Certified Copy) ဆိုသည့်စကားရပ်သည် ဘဏ်နှင့်ဆိုင်သောစာအုပ်များသက်သေခံချက် အက်ဥပဒေ (The Bankers' Books Evidence Act) တွင် အဓိပ္ပါယ်ရှင်းလင်းဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။

(၂) ဘဏ်၏မန်နေဂျာသည်၊ သို့တည်းမဟုတ် ကိုယ်စားလှယ်သည်၊ ဘဏ်ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်သည့်စာရင်း၊ စာအုပ်၊ စာမှတ်၊ စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုရန်ဖြစ်စေ၊ ဤပုဒ်မအရ ထုတ်သော ညွှန်ကြားချက်ကိုလိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ငြင်းဆိုလျှင်

* ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂ အရ ထည့်သွင်းသည်။

ဖြစ်စေ၊ ဤပုဒ်မအရ တားမြစ်ချက်ကို မနာခံလျှင်ဖြစ်စေ၊ သုံးနှစ်ထိထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံထိုက်စေရမည်။

**ဤအက်ဥပဒေအရ၊ ပြစ်မှုများနှင့် ရာဇသတ်ကြီးပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄ နှင့် ၁၆၅ အရ၊ ပြစ်မှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတော်များ။**

၅။ ။(၁) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ ဤအက်ဥပဒေအရ၊ ပြစ်မှုများနှင့်ရာဇသတ်ကြီးပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄ နှင့် ၁၆၅ အရ၊ ပြစ်မှုများကိုစစ်ဆေးစီရင်ရန် အထူးတရားသူကြီးများ ခန့်ထားနိုင်သည့်ပြင်၊ ထိုအထူးတရားသူကြီးများ ရုံးထိုင်ရမည့်နေရာကို သတ်မှတ်နိုင်သည်။ သို့ရာတွင်၊ နိုင်ငံတော်သမတက ရုံးထိုင်ရန်နေရာ သတ်မှတ်သည့်အမိန့် ထုတ်ဆင့်ခြင်းမရှိလျှင်၊ အထူးတရားသူကြီးသည်၊ မိမိကိုယ်တိုင်သတ်မှတ်သည့်နေရာတွင် ရုံးထိုင်နိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးတွင်မဆို၊ ရာဇသတ်ကြီးပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄ နှင့် ၁၆၅ အရ၊ မပြီးမပြတ်ရှိနေသောအမှုအားလုံးကို၊ မိမိသတ်မှတ်သည့် အထူးတရားသူကြီးရုံးသို့ လွှဲပြောင်းရမည်ဟုအထူးအမိန့်၊ သို့တည်းမဟုတ် သာမန်အမိန့်ဖြင့်ဆင့်ဆိုနိုင်သည်။

(၃) ထိုအထူးတရားသူကြီးမှာ၊ စက်ရှင်တရားသူကြီးအဖြစ် အမှုထမ်းရွက်၍၊ စက်ရှင်တရားသူကြီး၏အာဏာများကို အနည်းဆုံးတနှစ်မျှဆောင်ရွက်ခဲ့ဘူးသူသော်၎င်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ၊ အထူးအာဏာအပ်နှင်းခြင်းခံရသော ပဌမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီး၏ အာဏာများကို အနည်းဆုံးတနှစ်ဆောင်ရွက်ခဲ့ဘူးသူသော်၎င်း ဖြစ်ရမည်။

သို့ရာတွင်၊ နိုင်ငံတော်သမတက အမိန့်စာဖြင့်သီးခြားဖေါ်ပြသည့်နယ်များတွင်၊ ပဌမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၏အာဏာများကို၊ အနည်းဆုံးတနှစ် ဆောင်ရွက်ခဲ့ဘူးသူအား အထူးတရားသူကြီးအဖြစ်ခန့်ထားနိုင်သည်။

(၄) ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတ၏ ညွှန်ကြားချက်မရှိလျှင်၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် ပြစ်မှုအသီးသီးကို ကျူးလွန်ရာနယ်နိမိတ်အတွင်း စီရင်ပိုင်ခွင့်အာဏာအရ၊ တရားရုံးက စစ်ကြောစီရင်ရမည်။

(၅) ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အရ၊ တရားလွှတ်တော်သို့ လျှောက်ထားရာတွင် ဤအက်ဥပဒေအရ ခန့်ထားသည့်အထူးတရားသူကြီးရုံးတွင် စစ်ဆေးလျက်ရှိသော ရာဇဝတ်မှုကို ထိုအထူးတရားသူကြီးထံမှ လွှဲပြောင်းသင့်သည်ဟု တရားလွှတ်တော်က ထင်မြင်သဘောရရှိလျှင်၊ တရားလွှတ်တော်က ထိုသို့လွှဲပြောင်းရန်ကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတ ထံအစီရင်ခံရမည်။ ထိုအခါ နိုင်ငံတော်သမတသည်၊ အခြားအထူးတရားသူကြီး တဦးကိုခန့်၍၊ ထိုတရားသူကြီးထံသို့ ထိုအမှုကို လွှဲပြောင်းပေးရမည်။

(၆) ဤအက်ဥပဒေအရ၊ ခန့်ထားသောအထူးတရားသူကြီး၏ စီရင်သောအမိန့်ကို ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောသူသည် တရားလွှတ်တော်သို့ အယူခံဝင်နိုင်သည်။

(၇) ဤအက်ဥပဒေအရ၊ ခန့်ထားသည့် အထူးတရားသူကြီး၏ စစ်ဆေးမှုအရပ်ရပ်ကို တရားလွှတ်တော်က ပြန်လည်စစ်ကြောနိုင်သည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၅ မှ ၄၄၂ ထိ ပါရှိသော ပြဋ္ဌာန်းချက်များသည် ဤပြန်လည်စစ်ကြောမှုများနှင့် သက်ဆိုင်စေရမည်။

တရားစွဲဆိုရန်အတွက် အခွင့်အမိန့် ကြိုတင်ရယူရန် လိုအပ်ခြင်း။

၆။ ။ဤအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မငယ် (၂) အရ၊ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစုံတရာကို ကျူးလွန်သည်ဟုစွပ်စွဲခြင်းခံရသော ပြည်သူ့ဝန်ထမ်းတဦးတယောက်ကို အောက်ပါအခွင့်အမိန့်ကြိုတင်မရရှိဘဲ အရေးယူပိုင်ခွင့်မရှိစေရ။

(က) ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီးများ၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်သက်ဆိုင်လျှင်၊ နိုင်ငံတော်သမတ၏အခွင့်အမိန့်၊ သို့တည်းမဟုတ်

(ခ) အခြားမည်သည့် ပြည်သူ့ဝန်ထမ်းနှင့်မဆို သက်ဆိုင်လျှင်၊ ထိုပြည်သူ့ဝန်ထမ်းအား၊ ၎င်း၏ရာထူး၌ခန့်ထားပိုင်ခွင့်၊ သို့တည်းမဟုတ် ရာထူးမှထုတ်ပယ်နိုင်ခွင့်ရှိသည့်အာဏာပိုင်၏ အခွင့်အမိန့်။